ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၃/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

**အသိအမှတ်ပြုကြောင်းကြေညာခြင်း**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ကြေညာချက်အမှတ်(၂/၂၀၂၁)ဖြင့် ကြားကာလယာယီတက္ကသိုလ်ကောင်စီများအား အသိအမှတ်ပြုမည် ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသို့ ကြားကာလယာယီတက္ကသိုလ်ကောင်စီဖွဲ့စည်းပြီး ဖြစ်ကြောင်းကို moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org Email သို့ (၂၃ ရက် အောက်တိုဘာလ ၂၀၂၁ မှ ၂၀ ရက် ဖေဖော်ဝါရီလ ၂၀၂၂ နံနက် ၉:၀၀ နာရီအထိ ) ပေးပို့လာသော အောက်ဖော်ပြပါ ကြားကာလယာယီ တက္ကသိုလ်ကောင်စီများနှင့် ကြားကာလ စီမံအုပ်ချုပ်ရေးကောင်စီများကို အသိအမှတ်ပြုပါကြောင်း နှင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မဟာဗျူဟာ၊ မူဝါဒနှင့်အညီ ဝန်ကြီးဌာန၏ စုပေါင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ကြားကာလ ယာယီတက္ကသိုလ်ကောင်စီများ နှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၁) **ဗန်းမော်တက္ကသိုလ်ကောင်စီ**

(၂) **တောင်ကုတ် တက္ကသိုလ် ကြားကာလ ယာယီတက္ကသိုလ်ကောင်စီ**

(၃) **နည်းပညာ တက္ကသိုလ် (ပခုက္ကူ) တက္ကသိုလ်ကောင်စီ (ယာယီ)**

(၄) **မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ယာယီအုပ်ချုပ်ရေးကောင်စီ**

(၅) **အနုပညာအထက်တန်းကျောင်း ကြားကာလယာယီပညာရေးကောင်စီ**

(၆) **အစိုးရ စက်မှုလက်မှု သိပ္ပံ (ဂန့်ဂေါ) ယာယီကျောင်းအုပ်ချုပ်ရေး ကောင်စီ**

၃။ ကြားကာလယာယီတက္ကသိုလ်ကောင်စီ (သို့မဟုတ်) ကြားကာလယာယီအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းပြီးသော်လည်း moe@nugmyanmar.org နှင့် higheredu@moe.nugmyanmar.org သို့ Email ပေးပို့ရန် ကျန်ရှိသောကျောင်းများ နှင့် ဖွဲ့စည်းရန်ကျန်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ကြားကာလယာယီတက္ကသိုလ် ကောင်စီများ (သို့မဟုတ်) ကြားကာလယာယီစီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းပြီးပါကဖွဲ့စည်းပြီးကြောင်းကိုmoe@nugmyanmar.org နှင့်higheredu@moe.nugmyanmar.org Email သို့ ဆက်သွယ်ပေးပို့ပါရန်နှင့် ဆက်သွယ်ပေးပို့လာမှုအတိုင်း အသိအမှတ်ပြုကြောင်းကို ဆက်လက် ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

**ဒေါက်တာဇော်ဝေစိုး**

**ပြည်ထောင်စုဝန်ကြီး**

**ပညာရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**